ရွေးကောက်ပွဲအကြို သုတေသနအခြေခံ
မူဝါဒအဆိုပြု အစီအစဉ်

ETRA

Election Targeted
Research-based Advocacy

၃ စက်တင်ဘာလ ၂၀၂၀



# မြန်မာပြည်သူအများစု အခြေခိုင်သောဘဝကျောင်းနိုင်ရေး မူဝါဒအဆိုပြုချက်

**အဓိကအဆိုပြုချက်**

**မြန်မာနိုင်ငံပြည်သူများအတွက် အခြေခိုင်သော၊ ဖူလုံသော၊ မျှတမှုရှိသော ဘဝကျောင်းမှုတည်ဆောက်နိုင်ရေးကို နိုင်ငံတော်မှလမ်းကျောင်းချ၍ ထိရောက်စွာပံ့ပိုးအကူအညီပေးရန်။**

- မြန်မာပြည်သူများအခြေခိုင်သောဘဝများရရှိရေးအတွက် **"ဘဝကျောင်းမှုမဟာဗျူဟာ"**ကို ချမှတ်အကောင်အထည်ဖော်ရန်။
- **"ဘဝကျောင်းမှုမဟာဗျူဟာ"**တွင် ကျေးလက်စိုက်ပျိုးရေးအခြေပြုစီးပွားရေးစနစ်ကို ပြန်လည်ရှင်သန်အားကောင်းအောင်ဆောင်ရွက်ခြင်းကို ဦးစားပေးအနေဖြင့် ထည့်သွင်း အကောင်အထည်ဖော်ရန်။

၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် ပြည်တွင်းရွှေ့ပြောင်းလုပ်သား ၉.၄ သန်းကျော်ရှိသည်။ ပြည်ပရွှေ့ပြောင်းလုပ်သား ၄ သန်းကျော် ရှိသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည့် ပြည်သူများသည် ရွှေ့ပြောင်းလုပ်သားများဖြစ်နေကြခြင်းဖြစ်သည်။ ရွှေ့ပြောင်းလုပ်သားများပြန်ပို့ငွေသည် မြန်မာ့ဂျီဒီပီ၏ ၁၃ ရာခိုင်နှုန်းရှိသည်။[၁]

မိမိနှင့်မကျွမ်းဝင်သော တစ်ပါးသောအရပ်ဒေသတွင် အသက်မွေးရွှေ့ပြောင်းလုပ်ကိုင်ရန် မြန်မာပြည်သူတို့ လွယ်လွယ်ဆုံးဖြတ်လုပ်ကိုင်ခဲ့ခြင်း မဟုတ်ပါ။ မိမိတို့ အစဉ်တစိုက်မှီခိုအားထားလာသော အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများက ဖူလုံမှုနှင့်ရေရာသော၊ တည်တံ့သောလူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို မပေးစွမ်းနိုင်သောကြောင့် ရွှေ့ပြောင်းလုပ်သားများအဖြစ် ဝမ်းကျောင်းလာရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကအသက်မွေးမှုဖြစ်သော လယ်နှင့်တောင်ယာလုပ်ငန်းသည် ရာသီဥတုမမှန်သည့်ဒဏ်ကို နှစ်စဉ်ဆက်တိုက်ခံစားလာရသည်မှာ နှစ် ၂၀ နီးပါးခန့် ရှိပြီဖြစ်သည်။[၂] ထို့ပြင် ဈေးကွက်၏ ရိုက်ခိုက်မှုဒဏ်ကိုလည်း မကြာခဏခံရသည်။ ရာသီနှင့်ဈေးကွက် မကြာခဏဖျက်၍ ပျက်စီးဆုံးရှုံးရသောဒဏ်များမှ လျော့ပါးသက်သာစေမည့် အစီအမံများလည်းမရှိခဲ့ပါ။ ထိုသို့ဖြင့် မြန်မာတို့၏အဓိကအသက်မွေးဝမ်းကျောင်းမှုသည် ပုံမှန်တွက်ချက်ကိုးစား၍မရသော အနေအထားဖြစ်လာသည်။ ထို့ကြောင့် တောင်သူတို့သည် တောင်ယာလုပ်ငန်း၌ ယခင်ကကဲ့သို့ မရင်းရဲတော့ပါ။ လုပ်ငန်းအပြည့်အဝမဆောင်ရွက်နိုင်သောကြောင့် လက်လုပ်လက်စားများကိုလည်း ယခင်ကကဲ့သို့ အလုပ်မပေးနိုင်တော့ပါ။ ကျေးလက်နေလက်လုပ်လက်စားများ အလုပ်အကိုင်ရသောရက်မှာ တစ်နှစ်ပတ်လုံးတွင် ရက် ၆၀ နီးပါးသာရှိသည်။[၃] ထို့ပြင် လယ်ယာစိုက်ပျိုးရေးမှရသော ဝင်ငွေသည် ဝမ်းဝရုံအပြင် မပိုလျှံခြင်းကြောင့် ပညာရေးနှင့်ကျန်းမာရေးကိစ္စများအတွက် လိုအပ်ချက်များရှိနေသည်။

အခြားရပ်ရွာများ၊ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းသည် အဆိုပါအခြေအနေများကို ဖြေရှင်းသော အဓိက နည်းလမ်းတစ်ရပ်ဖြစ်လာခဲ့သည်။ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ခြင်းသည်ပင်လျှင် ရာသီနှင့်ဈေးကွက်၏ ရိုက်ခတ်မှုကြောင့် မတည်ငြိမ်သောစိုက်ပျိုးရေးအခြေပြုစီးပွားရေး၏ ဘဝအခြေအနေများကို ရှောင်ရှားသည့် နည်းလမ်းတစ်ရပ်ဖြစ်လာသည်။ ရာသီနှင့်ဈေးကွက်၏ ရိုက်ခတ်မှုကြောင့်ဖြစ်သော ဆုံးရှုံးမှုများကို ရွှေ့ပြောင်းလုပ်သားများပြန်ပို့ငွေဖြင့် ဖာထေးရသည်။ အရင်းပြန်ထောင်ရသည်။ မကျန်းမာလျှင် ဆေးကုကြရသည်။ ပညာသင်ကြရသည်။

[၁] International Growth Centre (ICG), "Myanmar Remittances", October 2017. Available at: https://www.theigc.org/wp-content/uploads/2018/06/Akee-and-Kapur-2017-Final-report.pdf

[၂] Qualitative Social and Economic Monitoring (QSEM) Round 1-6. Available at: https://www.emref.org/en/publications-reports?title=&field_publication_type_tid=11

[၃] "A Country On the Move", World Bank and Livelihood and Food Security Trust Fund (LIFT), 2016. Available at: https://www.lift-fund.org/sites/lift-fund.org/files/publication/Internal%20Migration%20FINAL%20ENG.pdf

ထိုငွေဖြင့် အခြားလုပ်ငန်းများခွဲ၍ ထူထောင်ကြသူများလည်းရှိသည်။ တစ်နည်းပြောရလျှင် မြန်မာပြည်သူများသည် ရွှေ့ပြောင်းအလုပ်အကိုင်ဖြင့် ၎င်းတို့၏အခြေမခိုင်သောဘဝများကို ကျားကန်ထားရခြင်းဖြစ်သည်။

အမှန်တော့မြန်မာတို့မှီခိုနေသည့် အခြားနိုင်ငံ၏စီးပွားရေးဆိုသည်မှာလည်း တစ်စိတ်တစ်ပိုင်းအားဖြင့် မိမိတို့နိုင်ငံမှသဘာဝအရင်းအမြစ်နှင့်ကုန်ကြမ်းများဖြင့် လည်ပတ်နေခြင်းဖြစ်သည်။ ဥပမာဆိုလျှင် မြန်မာသည် နိုင်ငံမှထွက်ရှိသော သဘာဝဓာတ်ငွေ့အများစုကို တရုတ်နှင့်ထိုင်းနိုင်ငံများသို့ အများဆုံးတင်ပို့နေရပြီး တရုတ်နိုင်ငံ သဘာဝဓာတ်ငွေ့ဖြန့်ဝေရေးလိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းကျော်သည် မြန်မာမှတင်ပို့နေခြင်းဖြစ်သည်။[၉] မြန်မာတို့သည် မိမိတို့နိုင်ငံမှထွက်သည့်၊ နိုင်ငံတွင်ရှိသည့် သဘာဝအရင်းအမြစ်များဖြင့် ဖူလုံသော၊ တွက်ဆ၍ရသော၊ ခိုင်မာသောဘဝများ မတည်ဆောက်နိုင်သောကြောင့် ရွှေ့ပြောင်းလုပ်သားများအဖြစ် အခြားအရပ်၊ အခြားနိုင်ငံတွင် အလုပ်လုပ်ပြီး ပိုမိုရေရာသေချာခိုင်မာသော ဘဝများကိုတည်ဆောက်နိုင်ရန် ကြိုးစားကြသည်။ မြန်မာပြည်သူများအတွက် မှန်ကန်သောဖြေရှင်းနည်းမဟုတ်ကြောင်း၊ ရေရှည်ခိုင်မာသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကိုပေးစွမ်းမည်မဟုတ်ကြောင်းလည်းရှင်းလင်းစွာမြင်စေခဲ့ပြီဖြစ်သည်။

> ”
>
> *ယခုအခါ COVD 19 ၏ အကျိုးဆက် ကမ္ဘာ့ စီးပွားရေး အကျပ်အတည်းက အခြား နိုင်ငံများ၏ စီးပွားရေးကို မှီခို အားထား၍ အသက်မွေးဝမ်း ကျောင်းပြုသော နည်းလမ်း များ၊ တစ်နည်းပြောရလျှင် တစ်ပါးနိုင်ငံကို အလုပ်ရှင် အဖြစ်ထား၍ ဘဝကျောင်းသော နည်းလမ်းများသည် ကိုးစား၍ မရကြောင်း၊ မခိုင်မာကြောင်း မြင်ခဲ့ရပြီ။*

## မြန်မာပြည်သူတွေအတွက် အခြေခိုင်တဲ့ဘဝတွေကို ဘယ်လိုတည်ဆောက်ကြမလဲ။

မြန်မာပြည်သူတို့အတွက် ရေရာခိုင်မာသောဘဝများကိုတည်ဆောက်နိုင်ရန် နိုင်ငံတော်အနေဖြင့် **"ပြည်သူတို့ဘဝကျောင်းခြင်းဆိုင်ရာ မဟာဗျူဟာ"** ချမှတ်ရန်လိုပါသည်။ **"ပြည်သူတို့ဘဝကျောင်းခြင်းဆိုင်ရာ မဟာဗျူဟာ"** ဆိုသည်မှာ နိုင်ငံတစ်ခု၏ သမားရိုးကျစီးပွားရေးမူဝါဒများဖြစ်သော အခွန်ဆိုင်ရာမူဝါဒ၊ အစိုးရအသုံးစရိတ်၊ ဈေးကွက်တွင်းလှည့်ပတ်ငွေကြေး၊ လုပ်သားဈေးကွက်နှင့် အလုပ်အကိုင်ဖန်တီးပေးမှုဆိုင်ရာမူဝါဒစသည့် အကြောင်းအရာများထက် နိုင်ငံရှိပြည်သူများအတွက် လူမှုစီးပွားဘဝဖူလုံ၍၊ ခိုင်မာရေရာသော **ဘဝကျောင်းမှုပုံစံ**များ တည်ဆောက်နိုင်ရေးကို ဦးတည်ချက်ထားသည့် မူဝါဒများကိုဆိုလိုခြင်းဖြစ်သည်။ တစ်နည်းပြောရလျှင် ပြည်သူများ ဘာလုပ်ကိုင်စားကြမည်၊ ဘယ်လိုဘဝကျောင်းကြမည်ဆိုသည်ကို အခြေခံစဉ်းစားသည့်မူဝါဒပင်ဖြစ်သည်။

> ”
>
> *အခြားနိုင်ငံမှ ရင်းမြှုပ်နှံမှုများ လာရန် မည်သို့ဆောင်ရွက်မည်ဆိုခြင်းထက် ပြည်သူများ မိမိတို့တွင်ရှိသည့် အရင်းအမြစ်များ(လူသားအရင်းအမြစ်နှင့် မြေ၊ ရေစသော သဘာဝအရင်းအမြစ်)ကို ဘယ်လို ထိရောက်စွာ၊ အကျိုးရှိစွာ အသုံးချထုတ်လုပ်၍ ခိုင်မာသောဘဝကို ကျောင်းနိုင်စွမ်းရှိအောင် မည်သို့ဆောင်ရွက်ပေးမည်ဆိုသည်ကို ဦးတည်ချက်ထား စဉ်းစားသော သဘောတရား ဖြစ်သည်။*

## ကျေးလက်အခြေပြုစီးပွားရေးကို ဘဝကျောင်းခြင်းဆိုင်ရာမဟာဗျူဟာတွင် ဦးစားပေးအနေဖြင့် ထည့်သွင်းရန်

မြန်မာနိုင်ငံသည် မြေသယံဇာတပေါကြွယ်ဝပြီး၊ တစ်ဦးချင်းစီမြေပိုင်ဆိုင်မှုသည်များသော စိုက်ပျိုးအခြေခံစီးပွားရေးရှိသည့်နိုင်ငံဖြစ်သည်။ ထို့ကြောင့်

---

[၉] China-Myanmar pipeline grows in its appeal, 9 March 2020, Gas World. Available at: https://www.gasworld.com/china-myanmar-pipeline-grows-in-its-appeal/2018583.article

မြေယာအခြေပြုစိုက်ပျိုးရေးလုပ်ငန်းမှ ဖူလုံသော၊ စီးပွားဖြစ်ထွန်းသော၊ခိုင်မာသောဘဝကြောင်းမှုဖြစ်ထွန်းရန် စီမံကိန်းကို နိုင်ငံ၏ဘဝကျောင်းခြင်းဆိုင်ရာ မဟာဗျူဟာတွင် ဦးစားပေးအနေဖြင့် ထည့်သွင်းရပါမည်။

လက်ရှိအခြေအနေတွင် နိုင်ငံ၏မြေသယံဇာတသည် ရေကြီး၊ မိုးခေါင်စသော ရာသီဥတုဖျက်ဆီးခြင်းဒဏ်များကြောင့်လည်းကောင်း၊ အရင်းအနှီးမပြည့်စုံခြင်းကြောင့် လည်းကောင်း၊ ဈေးကွက်မရှိသောကြောင့်လည်းကောင်း၊ ပဋိပက္ခများကြောင့်လည်းကောင်း၊ နိုင်ငံတော်မှ သိမ်းယူခြင်းများကြောင့်လည်းကောင်း ပြည်သူများအနေဖြင့် ထိရောက်စွာ၊ အကျိုးရှိစွာအသုံးချထုတ်လုပ်နိုင်စွမ်းမရှိကြပါ။ အဆိုပါအခြေအနေများကို ပြင်ဆင်ခြင်းဖြင့် ကျေးလက်စိုက်ပျိုးရေးအခြေပြုစီးပွားရေးစနစ်ကို ပြန်လည်ရှင်သန်အောင် (Revitalization of Rural Agrarian Economy) ဆောင်ရွက်ရမည်ဖြစ်သည်။ ကျေးလက်စိုက်ပျိုးရေးအခြေပြုစီးပွားရေးစနစ်ကို ပြန်လည်ရှင်သန်အောင်လုပ်ခြင်းကို (Rural Revitalization) ကိုဆန်းသစ်သောနည်းလမ်းများဖြင့် အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ကျေးလက်စိုက်ပျိုးရေးသည် ဝမ်းဝရုံ သမားရိုးကျစိုက်ပျိုးသီးနှံများသာ ထုတ်လုပ်နိုင်ခြင်းထက် အခြားလူသားများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အတွက် အကျိုးဖြစ်စေသော သဘာဝကောက်ပဲသီးနှံ၊ စားသောက်ကုန်နှင့် လူသုံးကုန်များထုတ်လုပ်သည့် စီးပွားရေးစနစ်ဖြစ်ရန်လိုသည်။ ဤနည်းဖြင့်စိုက်ပျိုးရေးအခြေပြုကုန်ထုတ်စနစ်ကို ဆန်းသစ်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ Rural Revitalization ကို Rural innovation ဖြင့် ယှဉ်တွဲ၍ဖော်ဆောင်ရမည်ဖြစ်သည်။

ထိုကဲ့သို့ ကျေးလက်စိုက်ပျိုးရေးအခြေပြုစီးပွားရေးကို ပြန်လည်ရှင်သန်စေရန် (rural revitalization) နှင့် ကျေးလက်ကုန်ထုတ်လုပ်မှုဘဝ ဆန်းသစ်စေရန် (rural innovation) အတွက် နိုင်ငံတော်မှလမ်းကြောင်းချ၍ နည်းပညာအား၊ ငွေအား၊ အခြေခံအဆောက်အဦအားဖြင့် ပံ့ပိုးပေးရန်လိုသည်။ အခြေခံအဆောက်အဦဟုဆိုလျှင် လမ်း၊ တံတားစသည်များအပြင် စိုက်ပျိုးရေးအခြေပြုစီးပွားရေးအတွက် လိုအပ်သော အခြေခံအဆောက်အဦများကို ပြန်လည်ပြင်ဆင်အားဖြည့်ခြင်း၊ တည်ဆောက်ခြင်းများဆောင်ရွက်ရန်လိုသည်။ ဥပမာ-ဧရာဝတီတိုင်းတွင် ရေငန်တားတာများပြင်ဆင်ပေးခြင်း၊ တည်ဆောက်ပေးခြင်း၊ သဘာဝမြစ်ချောင်းများကို ပြန်လည်ဆယ်ယူခြင်း၊ စသည်များကို ထိရောက်စွာဆောင်ရွက်ရန်လိုသည်။ ရေကြီး၊ မိုးခေါင်စသော ရာသီဥတုဖျက်ဆီးခြင်းဒဏ်များကို အခြေခံအဆောက်အအုံများ၊ နည်းပညာများ၊ နိုင်ငံတော်၏ အမတော်ကြေးအာမခံများ၊ ရေရှည်ချေးငွေများဖြင့် ကာကွယ်ပေးရန်၊ ပံ့ပိုးပေးရန်လိုသည်။ ထွက်ရှိသော စိုက်ပျိုးသီးနှံများကို စားသောက်ကုန်၊ ဆေးဝါးနှင့် လူသုံးကုန်များထုတ်လုပ်နိုင်ရန် စက်ရုံများလိုသည်။ နိုင်ငံတော်မှစက်ရုံတည်၍ ထုတ်လုပ်ရန်မဟုတ်ဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များကို မျှတသောနည်းလမ်းများဖြင့် လုပ်ပိုင်ခွင့်ချပေး၍ ထုတ်လုပ်စေခြင်းကို ဆိုလိုခြင်းဖြစ်သည်။

*၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်တွင် နေထိုင်ကြသူများဖြစ်သည်။ အဆိုပါ ပြည်သူအများစုမှာ စိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သည်ဟု ယေဘုယျအားဖြင့် တွက်ဆနိုင်သည်။ ထို့ကြောင့် ကျေးလက်စိုက်ပျိုးစီးပွားရေးကို ထိရောက်သော ပံ့ပိုးမှုများပေးခြင်းဖြင့် လူအများစုအတွက် အခြေခိုင်သောဘဝများကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။*

*ကျေးလက် စိုက်ပျိုးစီးပွားရေးစနစ် ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ရန် အရေးအကြီးဆုံး ပထမအချက်မှာ ကျေးလက်နေပြည်သူတို့သည် ၎င်းတို့ပိုင်ဆိုင်သော မြေယာသယံဇာတကိုထိရောက်စွာအသုံးချ၍စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်စွမ်း ရှိရမည်ဖြစ်သည်။*

ကျေးလက်စိုက်ပျိုးရေးအခြေပြုစီးပွားရေးစနစ် ပြန်လည်ရှင်သန်နိုင်ရန် မြေယာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန်လိုသည်။ ကျေးလက်နေပြည်သူအများစုသည် မြေယာသယံဇာတကို မျှတစွာရရှိရန်၊ အာမခံချက်ရှိစွာ ရယူအသုံးချထုတ်လုပ်နိုင်ရန်လိုသည်။ အဆိုပါအခြေအနေ ဖြစ်ထွန်းစေရန် နိုင်ငံတော်သည် မျှတသော၊ ခိုင်မာသောမြေယာဆိုင်ရာမူဝါဒများချမှတ်ရန် လိုသည်။

ထုတ်လုပ်မှုအဆင့်အားလုံး၏ ရောင်းကုန်များအတွက် ဈေးကွက်နှင့်ချိတ်ဆက်မှုလိုသည်။ ဈေးကွက်သတင်းအချက်အလက်များလိုသည်။ အဆိုပါကိစ္စရပ်အားလုံးတွင် နိုင်ငံတော်မှ ပြည်သူများလုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့်နှင့်စည်းမျဉ်းတည်ဆောက်ပေးခြင်း၊ နည်းပညာနှင့် ငွေကြေးပံ့ပိုးပေးခြင်း၊ သုတေသနပြုနိုင်ရန် ပံ့ပိုးပေးခြင်းများလိုသည်။

ပြည်သူများအတွက် ခိုင်မာရေရာသောဘဝများ တည်ဆောက်ပေးနိုင်ရန် နိုင်ငံတော်၏ပံ့ပိုးမှုသည် အလွန်အရေးပါသည်။ နိုင်ငံတော်မှ မူဝါဒချထား၍ စနစ်တကျ ကူညီပံ့ပိုးမှုမပါဝင်ဘဲ ဖွံ့ဖြိုးတိုးတက်အောင်မြင်သွားသည့်နိုင်ငံဟူ၍မရှိပါ။ နိုင်ငံ၏နေရာဒေသအားလုံးရှိ ပြည်သူများအတွက် ခိုင်မာရေရာသော ဘဝကျောင်းမှုများ ဖန်တီးတည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်သည် ငြိမ်းချမ်းရေးကို ဦးစားပေးတည်ဆောက်ရမည်။ စစ်မှန်သောဖက်ဒရယ်တည်ဆောက်နိုင်ခြင်းသည် ရေရှည်ငြိမ်းချမ်းရေးဖြစ်သည်ဟုဆိုလျှင် စစ်မှန်သော ဖက်ဒရယ်တည်ဆောက်ရေးခေါင်းစဉ်ဖြင့် အမြန်ဆုံးဆွေးနွေးအဖြေရှာကြရမည်။

> *ပြည်သူများအတွက် ခိုင်မာရေရာသော၊ စီးပွားဖြစ်ထွန်းသော ဘဝကျောင်းမှုများ တည်ဆောက်ရန် နိုင်ငံတော်သည် ဘဏ္ဍာငွေများ ပုံအောရင်းနှီးမြှုပ်နှံသုံးစွဲရန် လိုပါသည်။ ထို့အတွက် နိုင်ငံ့ဘဏ္ဍာလည်းပြုန်း၊ လူ့အရင်းအမြစ်လည်း ဆုံးစေသည့် စစ်အသုံးစရိတ်များကို ထိရောက်စွာ လျှော့ချရမည်ဖြစ်သည်။ စစ်ပွဲများကို နေရာအားလုံးတွင် လုံးဝရပ်ဆိုင်းရန် လိုပါသည်။ ထို့ပြင် ပြည်သူအားလုံး မျှတစွာ အကျိုးဖြစ်ထွန်းမှုမရှိစေသည့် နိုင်ငံတော်မှ သိမ်းယူထားသည့် မြေယာများ၊ သယံဇာတ ထုတ်လုပ်နေမှုများကို အမြန်ဆုံး စွန့်လွှတ်၍ ပြည်သူ တစ်ဦးတစ်ယောက်ချင်းစီ ပိုင်ဆိုင်လုပ်ကိုင်အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။*

"မြန်မာပြည်သူအများစု အခြေခိုင်သောဘဝကျောင်းနိုင်ရေး မူဝါဒအဆိုပြုချက်" ကို မြတ်သက်သစ္စာက အကြံပြုခြင်းဖြစ်ပါတယ်။

မြတ်သက်သစ္စာသည် နိုင်ငံတကာဆက်ဆံရေးပညာဖြင့် California State University (Fresno) မှ မဟာဝိဇ္ဇာဘွဲ့ကိုရရှိထားသူဖြစ်ပါတယ်။ မြတ်သက်သစ္စာဟာ Enlightened Myanmar Research Foundation (EMReF) ကို ပူးတွဲတည်ထောင်သူတစ်ဦးဖြစ်ပြီး လက်ရှိတွင် EMReF တွင် CEO နှင့် သုတေသီအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ သူသည် မြန်မာနိုင်ငံအနှံ့ လူမှုရေးနှင့် နိုင်ငံရေးဘောဂဗေဒဆိုင်ရာ သုတေသနများကိုပြုလုပ်နေခဲ့သည်မှာ ၁၁ နှစ်ကျော်ရှိပြီဖြစ်သည်။